Australian Government
Department of Immigration and Citizenship

# နိုင်ငံကူးပြောင်းလာသည့် သက်ကြီးများအတွက် အင်္ဂလိပ်စာအစီအစဉ်(AMEP)ပို့ချပေးမှုအတွက် ကိုယ်ရေးကိုယ်တာအချက်အလက်များကိုစုဆောင်းခြင်း

လူဝင်မှုကြီးကြပ်ရေးနှင့်နိုင်ငံသားဖြစ်မှုဌာန(ဌာန) AMEP အတွက် သင်၏ကိုယ်ရေးကိုယ်တာအချက်အလက်များကိုစုဆောင်းရန် AMEP ဝန်ဆောင်လုပ်ငန်းရှင်များအား မှာကြားထားပါသည်။ အချက်အလက်များကိုစုဆောင်းရန် *နိုင်ငံကူးပြောင်းလာခြင်း အက်ဥပဒေ ၁၉၅၈* ၏ အပိုင်း ၂ အရ လုပ်ပိုင်ခွင့်အာဏာလွှဲအပ်ထားသည်။

ယင်းစုဆောင်းရရှိသည့်အချက်အလက်များကို အခြားကိုယ်စားလှယ်များ သို့မဟုတ် အဖွဲ့အစည်းများအား ဖေါ်ထုတ်နိုင်သည်မှာ အောက်ပါ၌ပါဝင်သည့် အခြားသောအစိုးရအစီအစဉ်များနှင့် ဝန်ဆောင်ပေးမှုများကိုစီမံခန့်ခွဲမည့်ရည်ရွယ်ချက်အတွက်ဖြစ်သည်။

- လိုအပ်ချက်ပြည့်မီသော AMEP ဝန်ဆောင်မှုရသူများအတွက် ကလေးစောင့်ရှောက်ပေးနိုင်ရန်အတွက် ကလေးထိန်းဂေဟာများ
- အလုပ်အကိုင်နှင့်လေ့ကျင့်ရေးအစီအစဉ်အတွက် AMEP ၏ အခြေချမှုဆိုင်ရာ ဘာသာစကားလမ်းကြောင်းများနှင့်ပါဝင်ပတ်သက်မှုရှိကြသော အလုပ်ရှင်များ
- အသစ်ရောက်ခါစနိုင်ငံကူးပြောင်းလာကြသူများအတွက် အခြေချရေးဝန်ဆောင်လုပ်ငန်းများကို ဆောင်ရွက်ပေးရန်အတွက် ဌာနမှ ကန်ထရိုက်ပေးထားသော ဝန်ဆောင်လုပ်ငန်းရှင်များ
- အစိုးရဌာနများတွင် အောက်ပါတို့ပါဝင်ကြသည်
    - အစိုးရပေးငွေများနှင့် ထောက်ပံ့ကြေးများကို စီမံခန့်ခွဲသည့် စင်တာလင့်(Centrelink)
    - အလုပ်အကိုင်နှင့် လုပ်ငန်းခွင်ဆက်ဆံရေးရာများဌာန(DEEWR)နှင့်
    - ဩစတြေးလျားအလုပ်ဝန်ဆောင်လုပ်ငန်းများနှင့် မသန်စွမ်းသူအလုပ်အကိုင်ဝန်ဆောင်လုပ်ငန်းများတို့အပါအဝင်ဖြစ်သော DEEWR ၏ကိုယ်စား ဝန်ဆောင်ပေးမှုများကိုဆောင်ရွက်ပေးသည့် ကန်ထရိုက်ရထားသော ဝန်ဆောင်လုပ်ငန်းရှင်များ
- စုံစမ်းစစ်ဆေးမှုများ သို့မဟုတ် အရေးပေါ်အခြေအနေများနှင့်စပ်လျဉ်း၍ကူညီမည့် ဗဟို၊ ပြည်နယ်နှင့် ဒေသ ရဲဌာနများ

ထို့အပြင် သတင်းအချက်အလက် လျှောက်လွှာပုံစံ ၉၉၃i ဖြစ်သော သင်၏ ကိုယ်ရေးကိုယ်တာအချက်အလက်ကို *ကာကွယ်ပေးခြင်း* ၌ သင်၏ ကိုယ်ရေးကိုယ်တာအချက်အလက်ကို ဖွင့်ဟပေးနိုင်ကောင်းသည့် ကိုယ်စားလှယ်အဖွဲ့အစည်းများ၏အသေးစိတ်ကို ဖေါ်ပြထားသည်။ လျှောက်လွှာပုံစံ ၉၉၃i ကို ဌာန၏ ဝက်ဘ်ဆိုက် www.immi.gov.au/allforms/ သို့မဟုတ်၊ ဌာန၏မည်သည့်ရုံးမှမဆို သို့မဟုတ်၊ မည်သည့်ပင်လယ်ရပ်ခြားဩစတြေးလျားသံတမန်ရုံးမှမဆို ရယူနိုင်ပါသည်။

## သင်၏အခွင့်အရေးများ

အကယ်၍သင်သည် ဝန်ဆောင်လုပ်ငန်းရှင်မှ သို့မဟုတ် ဌာနမှ သင်၏ ကိုယ်ရေးကိုယ်တာအချက်အလက်ကို မမှန်မကန်စုဆောင်းခဲ့သည် သို့မဟုတ် ကိုင်တွယ်ခဲ့သည်ဟုယုံကြည်ပါက၊ သင်စာရေးပို့နိုင်သည်မှာ၊

The Director
Freedom of Information and Privacy Policy Section
Department of Immigration and Citizenship
PO Box 25
BELCONNEN ACT 2616

သို့မဟုတ် အီးမေးလ်ပို့ရန်မှာ privacy@immi.gov.au

သင်၏တိုင်ကြားချက်ကို စုံစမ်းစစ်ဆေးပေးမည်ဖြစ်ပြီး ရလဒ်ကိုသင့်အားအကြောင်းကြားမည်ဖြစ်သည်။